
တံခွန်တိုင်
စာပေတိုက်
နှင်းယားယား
(ဆေးတက္ကသိုလ်)
မာယာကျွေးသူရယ်
GRAPHIC DESIGN
THEIN SHWE KYI

# အခန်း (၁)

ညက ဓာတ်ညွှန်း အပြီးသတ်ရေးခဲ့တာမို့ အိပ်ရာဝင်နောက်ကျသည့်တိုင် ဒီမနက် စောစောစီးစီးပင် လန်းဆန်းတက်ကြွစွာဖြင့် သူမ နိုးလာသည် ။ ဒီနေ့ ဘာတွေလုပ်မယ်ဆိုတာကို မနေ့ညကတည်းက စနစ်တကျ ကြိုတင်ပြင်ဆင်ထားခဲ့ပြီးသားမို့ သူမစိတ်ထဲ အဆင်သင့်ဖြစ်ကာ ထက်သန်လတ်ဆတ်နေသည် ။ စောစောစီးစီး သူမတို့ အိမ်ရာဝင်းတစ်ပတ် ပြေးလိုက်ပြီးမှ ရေမိုးချိုး၊ အဝတ်အစားလဲပြင်ဆင်ကာ နံနက်ခင်းစာကို စားပွဲမှာ ထိုင်စားနေဖို့ အချိန်မယူတော့ဘဲ ခရီးသွားဓာတ်ဘူးကလေးထဲမှာ ဖျော်ပြီးသား ကော်ဖီကို ထည့်ယူကာ ဖေဖေနှင့် မေမေ့ကို နှုတ်ဆက်ပြီး ကားပေါ်တက် ကိုယ်တိုင်မောင်းကာ ရုံးသို့ ထွက်လာခဲ့သည် ။ ဓာတ်ညွှန်းဖိုင်ကလေးဆီ ကားမောင်းရင်း တစ်ချက်တစ်ချက် လှမ်းကြည့်မိသေးကာ စိတ်ကူးထဲမှာ ကြိုတင်စီစဉ် ရိုက်ကူးနေမိသေးသည် ။ အလုပ်စတော့မှာ ပဲဖြစ်ဖြစ်၊ သူမစိတ်ကို အလန်းဆုံးဖြစ်အောင် ပြင်ဆင် ချင်ရင်ပဲဖြစ်ဖြစ် သူမက အဲဒီခရီးဆီ သွားနေရင်း ကားပေါ်မှာ Classic ဂီတသံ ကလေးကို ဖွင့်ထားတတ်သည် ။ ဂီတသံစဉ်က သူမ၏ အနုပညာအာရုံကို လန်းဆန်းသစ်လွင်နိုးကြား လာအောင် ညှို့မြူနိုင်စွမ်းရှိသည် ဟု သူမက အကြွင်းမဲ့ ယုံကြည် ထားပြီးသား။

သူမ၏ တာဝန်က ကြော်ငြာရိုက်ကူးရေးဒါရိုက်တာ။ သူမတို့ ကုမ္ပဏီက အကြီးကြီး။ ကြော်ငြာ တွေ အမြောက်အမြား လက်ခံရိုက်ကူးပေးနေသော ရောမကုမ္ပဏီကြီးတစ်ခု ဖြစ်သည် ။ ဒီလို ကုမ္ပဏီ

ကြီးတစ်ခုမှာ သူမ ဒါရိုက်တာလုပ်ခွင့်ရထားသည် မှာ နည်းနည်းနော နော အခွင့်အလမ်းမဟုတ်။ အလွယ်တကူလည်း ရခဲ့တာမဟုတ်။ ခက်ခက်ခဲခဲနှင့် ဖွဲနပဲကြီးစွာ အပြိုင်အဆိုင်တွေကြားကနေ ကြိုးစားရယူထားရခြင်းမို့ သူမ သိပ်ကိုမက်မောတွယ် တာပါသည် ။ ဒါရိုက်တာဘဝသည် သူမ၏ အိပ်မက်လည်း ဖြစ်သည် ။ သူမ၏ ဘဝလည်း ဖြစ်သည် ။ သူမ အလုပ်လောက် ဘယ်အရာကမှ သူမ အတွက် အရေးမကြီး။

ရုံးသို့ရောက်တာနှင့် ကားထိုးရပ်ကာ ဓာတ်ညွှန်းဖိုင်ကလေးဆွဲပြီး တစ်ဖက်က ကော်ဖီခွက်နှင့် ရုံးပေါ်သို့ တက်ခဲ့သည် ။ သူမတို့ ရုံးကြီးက ခြံဝင်းကျယ်ကြီးထဲမှာ သုံးထပ်တိုက် အဆောက်အအုံကြီးဖြစ်ပြီး သူ့ဌာနနှင့် သူ ဌာနခွဲတွေလည်း အများကြီး။ အားလုံးက သူမကိုမြင်လျှင် အသက်အငယ်ဆုံးသော၊ အတော်ဆုံးသော မိန်းကလေး ဒါရိုက်တာတစ်ယောက်အဖြစ် တလေးတစားရှိကြသည် ။ အသက်နှစ်ဆယ့် လေးနှစ်အရွယ်မှာ မြန်မာပြည်ရဲ့ နာမည်ကြီးကော်ပြာ ကုမ္ပဏီကြီးတစ်ခု၏ အားထားရသော၊ အရေးပါ အရာရောက်သော ဒါရိုက်တာတစ်ယောက် ဖြစ်ခွင့်ရတာကို ဂုဏ်ယူကျေနပ်သောအရိပ်သည် သူမ၏ မျက်နှာပေါ်မှာ မျက်နှာဖုံးတစ်ခုလို တံဆိပ် တစ်ခုလို ရှိနေခဲ့သည် ။

'မောနင်း…သု ရေ၊ အမြဲတမ်း လန်းနေတာပဲနော်၊ ဒီနေ့ ပိုလန်းနေသလိုပဲ'

'မင်္ဂလာပါ သု'

'ဟေး…ဒါရိုက်တာလှလှလေး'

စသဖြင့် သူမအခန်းဆီ သွားရာလမ်းတစ်လျှောက်မှာ နှုတ်ဆက်သံတွေ ဝေဝေစည်စည်။ အားလုံးကို သူမကလည်း အပြုံးကလေးနှင့်နှုတ်ဆက်ရင်း ခပ်သွက်သွက်ခြေလှမ်းများကို မလျှော့။ အခန်းထဲ ရောက်

တာနှင့် သူမ၏ လက်ထောက်မိန်းကလေး ခရမ်းပြာက အဆင်သင့်ကြို ဆိုလို့။

'မသုရေ…ခုနကပဲ Boss ဆက်ထားတယ်၊ မသုလာတာနဲ့ သူ့အခန်း ကို လာခဲ့ပါတဲ့ '

'အိုကေ…တို့ ခုပဲသွားလိုက်မယ်၊ ဇာတ်ညွှန်းအဆင်သင့်ဖြစ်ပြီ၊ Cam era man နဲ့ စက်အဖွဲ့ကို အဆင်သင့်ပြင်ထားဖို့ အကြောင်းကြားလိုက် တော့ ခရမ်း၊ မင်းသား မင်းသမီးကို ရိုက်ကွင်းနေရာဆီပဲ ချိန်းလိုက်၊ တို့ လည်း ခုပဲသွားမယ်၊ အားလုံး ရယ်ဒီပဲ'

ကော်ဖီကို ခပ်သွက်သွက်မော့ပြီး boss အခန်းဆီ အပြေးအလွှားတ က်ခဲ့သည် ။ တံခါးခေါက်ပြီး ဝင်လာခဲ့ ချိန်မှာ ကုမ္ပဏီပိုင်ရှင်သူဌေး အန် ကယ်လ်ဩဘာက အားပါးတရအပြုံးနှင့် ဆီးကြိုရင်း..

'ဟေး… မောနင်း သုရေ၊ ဘယ်လိုလဲ…ဒီနေ့ ရိုက်ကူးရေးအတွက် အ ဆင်သင့်ဖြစ်ပြီလား'

'အားလုံးရယ်ဒီပဲ အန်ကယ်၊ အန်ကယ်ခေါ်လို့ တက်လာတာ၊ ခုပဲ ရို က်ကွင်းထွက် တော့မလို့ '

'အေးအေး ကောင်းတယ် သု၊ သုကိုခေါ်တာ လူတစ်ယောက်နဲ့ မိတ် ဆက်ပေးချင်လို့ ၊ အန်ကယ့် တူပါ၊ သူက အမေရိကကနေ ဒါရိုက်တာဘွဲ့ ယူလာတာ၊ အခု မြန်မာပြည်မှာ သူပျော်သလောက် အလုပ် လာလုပ်ချင် တယ်ဆိုပြီး ရောက်ချ လာလေရဲ့ ၊ အန်ကယ်လ်ကလည်း သူ့ကို စိတ်ဝင် စားလို့ ဖိတ်ခေါ်လိုက်တာပါ၊ ဟိုမှာ စနစ်တကျသင်ခဲ့ တဲ့ သူဆိုတော့ သူ့ ဆီက ပညာတွေလည်း ရနိုင်တာပေ့ါ၊ အန်ကယ်လ် သူ့ကို သုနဲ့ တွဲဖက်ဒါ ရိုက်တာအဖြစ် ခန့်ထားတယ်၊ သုနဲ့ ပူးပေါင်းပြီး ပညာဖလှယ်ရအောင် ပေ့ါ၊ အဲဒါ သု ကို အရင်ခေါ်ပြောတာ၊ သု ဘယ်လို သဘောရသလဲ'

သူမမှာ မျက်နှာကသာ ပြုံးနေပေမယ့် စိတ်ထဲမှာ ရင်ဝတည့်တည့်ဆီ အကန်ခံလိုက် ရသလိုပင် အင့်ခနဲ အောင့်သက်သွားရသည် ။ သူမရဲ့ သင်္ကေတက ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု အပြည့်အဝရှိကာ ကိုယ်တစ်ယောက်တည်းသာ ဦးစီးဦးဆောင်လုပ်ချင်သူဖြစ်ပြီး ဂူတစ်ဂူထဲမှာ ခြသေ့်နှစ်ကောင် မင်းမမူလိုသော စိတ်ဓာတ်မျိုး ရှိသူဖြစ်သည် ။ တွဲဖက်ဒါရိုက်တာတဲ့ ။ ဘယ်လောက် သွေးနားထင်ရောက်ပြီး ဘဝင်လေဟပ် ဆောင့်ကြွားကြွား၊ မြောက်ကြွကြွရှိ လိုက်မယ်မသိ။ ပညာကို လေးစားသမှုရှိပေမယ့် ကိုယ့်ကို လာပြီး ရင့်ရင့်ကြောကြော၊ နှိမ့်ချချင်သလို ဆက်ဆံလာလို့ ကတော့ သူမ လုံးဝသည်းမခံနိုင်။ ကိုယ်တစ်ယောက်တည်း ဒီအလုပ်ကို အောင်မြင်အောင် လုပ်နိုင်စွမ်းပါရက် နှင့် ကိုယ့် boss က သူ့တူကို တွဲဖက်ဒါရိုက်တာခန့် လိုက်သောအခါ သူမအနေနှင့် ဘယ်လိုလုပ်ပြီး ငြင်းဆန်တားမြစ်နိုင်စွမ်း ရှိပါ့မလဲ။ ကိုယ် မကျေနပ် လျှင် ဒီအလုပ်ကနေ ထွက်ရုံ။ သို့သော်လည်း ကိုယ် လုံးဝမထွက်နိုင်။ ထွက်ချင်းထွက် သူ့ကိုသာ ထွက်စေချင်တာ သေချာသည် ။

'အန်ကယ်လ်…ကျွန်မတစ်ယောက်တည်း ရိုက်လာတဲ့ ကြော်ငြာတွေ လည်း မနည်းတော့ဘူး၊ ကျွန်မအတွက်တော့ တွဲဖက်ဒါရိုက်တာ မလိုဘူးလို့ ထင်ပါတယ် အန်ကယ်လ်'

'ရိုက်(ထ်) အဲဒါကို အန်ကယ်လ် လက်ခံပြီးသားပါ သု၊ အခု အန်ကယ့်တူနဲ့ ပူပေါင်း လုပ်ကြည့်ချင်တဲ့ သဘောပါ၊ မင်းတို့ လူငယ်ချင်းလည်း လူငယ်ချင်းဆိုတော့ ပညာချင်း၊ အတွေ့အကြုံ ချင်းလည်း ဖလှယ်စေချင်တာ၊ တွဲလုပ်ကြည့်ပါ သု၊ သူလည်း မင်းလိုပဲ လူတော်လေးတစ်ယောက်ပါ'

သူမ တစ်ခုခုပြောမည့်ဟန်ပြင်စဉ်မှာ ပဲ တံခါးခေါက်သံနှင့်အတူ အ

ခန်းထဲသို့ လူငယ် တစ်ယောက် ဝင်လာခဲ့သည် ။ သူမက မျက်ဝန်းက လေးစွေကာ ထိုသူကို လှမ်းကြည့်လိုက်မိသည် ။ ပထမဆုံး သတိထားမိတာက အရပ်အမြင့်ကြီး၊ ဖွံ့ထွားကျစ်လျစ်သော ယောက်ျားဆန်လွန်းသည့် ရင်အုပ်ကျယ်ကျယ် ခန္ဓာကိုယ်တည်ဆောက်ပုံနှင့် မျက်နှာထားကဘယ်သူ့ကိုမှ သိပ်ဂရုမစိုက် တတ်သော ဆောင့်ကြွားကြွား ပုံစံမျိုးဖြစ်သည် ။ ဝတ်ထားတာက တီရှပ်ပေါ်ကနေ လည်သာဂျာကင် နှင့် ဂျင်း(န်)ပဲန်..။

'မောင်စစ်...လာ လာ၊ ဒါ ငါ့ရဲ့ ဒါရိုက်တာပဲ...သုတေသီ တဲ့ '

'သူသေပြီ...ဟုတ်လား'

'ဘာ...'

သူမနာမည်ကို စစချင်းဆောက်နဲ့ ထွင်းသလို ရွတ်နောက်နောက် ရယ်သွမ်းသွေးလိုက်သဖြင့် သူမ သူ့ကို မြင်မြင်ချင်းပဲ ချဉ်သွားတော့သည် ။ ပုံစံက လုံးဝကိုထောင့်မကျိုးတာပါ။ အလေးအနက် မထားသလို၊ ပေါ့ပျက်ပျက်လို၊ ဂရုမစိုက်သလို ဟန်ပန်မျိုး။ မျက်လုံးတွေကတော့ ခပ်ညို့ညို့၊ နှုတ်ခမ်းကတော့ သရော်ပြုံး စွန်းထင်းနေသလိုလို။ သူမကိုကြည့်သောအကြည့်ကိုက လေးစားသမှု မရှိ။ မဖြစ်ညစ်ကျယ် တစ်ယောက်ကို ကြည့်သလို မျက်ခုံးခပ်ပင့်ပင့်နှင့်။ အိုး...မုန်းစရာကောင်း လိုက်တဲ့ လူ။

'မောင်စစ်၊ မစနဲ့ လေကွာ၊ ဆောရီး သုရေ၊ ဒီကောင်က အရမ်းစတတ်၊ နောက်တတ်တယ်၊ စွံ့ သလားလည်း မမေးနဲ့ ၊ မောင်စစ်...မင်း သုနဲ့ တွဲပြီး အလုပ်လုပ်ရမှာ ...၊ မင်းကို ငါ့ကုမ္ပဏီမှာ တွဲဖက် ဒါရိုက်တာ တစ်ယောက်အဖြစ် ခန့်ထားပြီနော်၊ မင်းဆီက ဘာတွေဘယ်လောက်ရနိုင်မလဲဆိုတာ ငါ စိတ်ဝင်စားလို့ ၊ ကျန်တာ တွေကိုတော့ ဘာမှ မပြောချင်သေးဘူး၊ မင်းကိုစောင့်ကြည့်မယ်၊ သုနဲ့ တော့ ငါ တွဲလုပ်လာတာ သုံးနှ

စ်ရှိပြီ၊ ကြော်ငြာလောကမှာ တော့ သူက အတွေ့အကြုံရှိပြီးသား၊ တော် လည်း တော်တယ်၊ မင်းတို့ နှစ်ယောက် တွဲဖက်လိုက်ရင် ရလာမယ့်ရလ ဒ်က ပိုစိတ်ဝင်စားစရာ ကောင်းလိမ့်မယ်လို့ မျှော်လင့်တယ်'

'အိုကေ..ဦးလေး၊ ဒီလောက်ဆို ကျွန်တော်ရပြီ၊ မိန်းကလေးတစ် ယောက်နဲ့ တွဲလုပ်ရမှာ ဆိုတော့ စိတ်ဝင်စားဖို့ တော့ ကောင်းပါတယ်၊ ပ ကျစ်ပကျစ်နဲ့ ပစိပစပ်မများ ရင် ပြီးတာပဲ'

'အောင်မာ'

သူမ သူ့ကို မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနဲ့ ကြည့်ပြီး စိ တ်ဆိုးပြီးရင်းပဲ ဆိုးနေမိ သည် ။ သေချာတယ်…သူ သူမကို အထင်ကိုမကြီးတဲ့ ပုံ။ မလောက်လေးမလောက်စား သာမညောင်ည ဒါ ရိုက်တာ ပေါက်စနကလေးလို့ ပဲ သူထင်ထားတာ၊ သူမ ဘာလဲဆိုတာ သူသိပုံ မရသေး။

'ဒီမှာ …ကျွန်မဘက်က တစ်ခုတော့ ကြိုပြောထားမယ်နော်၊ ကျွန်မ က အလုပ်ကို အလုပ်နဲ့ တူ အောင် လုပ်တတ်တယ်၊ စနစ်တကျ ကြိုတင်ပြင်ဆင်ပြီး လေးလေးစားစား လုပ်တတ်တယ်၊ ဘယ်သူ့ကိုမဆို ကျွန်မ တလေးတစား ဆက်ဆံတတ်တယ်၊ ကျွန်မကိုလည်း လေးစားမှု ရှိစေချင်တယ်'

'အဲဒါ အပေါ်ယံအလွှာတွေပါ သူသေပြီရယ်၊ သြော် ဆောရီး… မှားသွားလို့ ၊ သုတေသီရယ်၊ ရှေ့ မှာ အလုပ်လုပ်ချင်ယောင်၊ လေးစားချ င်ယောင်ဆောင်ပြီး ကွယ်ရာမှာ လုပ်ချင်တာလုပ် ထင်ရာစိုင်းပြီး… အပု ပ်ချနေတာမျိုးကို မင်း ဘယ်လိုလုပ်ပြီး သိနိုင်မှာ လဲ၊ အရေးကြီးတာ ပွင့် လင်းဖို့ ၊ ကိုယ်လုပ်စရာရှိတာ လုပ်ဖို့ ပါ၊ အပေါ်ယံမျက်နှာဖုံးတွေကို ကို ယ် စိတ်မဝင်စားဘူး။ ကိုယ့်စိတ်ထဲ ရှိတဲ့ အတိုင်းပဲ ကိုယ် နေတတ်တယ်

၊ မလုပ်ချင်တာကို ဟန်ဆောင်ပြီး ကိုယ်မလုပ်တတ်ဘူး။ အဲဒါတစ်ခု တော့ ကိုယ်ဆီက မမျှော်လင့်နဲ့ ၊ ရမှာ မဟုတ်ဘူး ’

သူမ နှုတ်ခမ်းကိုက်မိကာ သူ့ကို ခပ်စူးစူးကြည့်မိသည် ။ သူကတော့ ပြုံးရိပ်စွေးစွေးနဲ့ ။

‘ထားလိုက်ပါတော့၊ ခုချိန်မှာ ရှင်ဘာလဲ ကျွန်မဘာလဲဆိုတာ တစ်ယောက်နဲ့ တစ်ယောက်မှ မသိကြသေးတာ၊ အဲဒီတော့ အလုပ်နဲ့ ပဲ သက်သေပြကြတာပေ့ါ၊ အန်ကယ်လ် ကျွန်မသွားလို့ ရပြီလား’

‘ရပြီ သု၊ ဒီနေ့ရိုက်မယ်ကြော်ငြာက ကော်ဖီနဲ့ တီး အထုပ်တွေမှ လား၊ Star လေ၊ ကဲ…မောင်စစ် မင်း သူနဲ့ အတူ လိုက်သွားတော့၊ မင်းရဲ့ idea ကိုလည်း သူနဲ့ တိုင်ပင်ပေ့ါ၊ ငါကြည့်မယ်လေ ဟုတ်ပြီ လား’

‘စိတ်ချပါဦးလေး၊ ကျွန်တော့်ကို ယုံပြီးသားမှ လား၊ ကျွန်တော် သူ့ကို သေချာသင် ပေးမှာ ပေ့ါ’

သူမစိတ်တွေ တထောင်းထောင်းနှင့် ဒေါသသင့်လို့ မဆုံးတော့။

‘ရှင် စကားကို ကောင်းကောင်း ပြောလို့ မရဘူးလား မောင်စစ်၊ ရွတ်နောက်နောက်နဲ့ ကျွန်မ မကြိုက်ဘူး’

‘ကိုယ် ဒီလိုပဲနေတတ်လို့ ပါ၊ မင်းကြိုက်အောင် ကိုယ် မနေပြတတ်တဲ့ အတွက် ဆောရီးပဲ မိန်းမချောရေ’

‘ကျစ်…ဘယ်လိုလူစားမျိုးမှန်းလဲ မသိဘူး၊ ပေ့ါပျက်ပျက်နဲ့ ’

‘ပေ့ါတယ်ထင်ရင် မင်းက ဆားခတ်ပေးပေ့ါ’

‘တောက်…’

သူမက ခပ်တိုးတိုးတောက်ခတ်မိပြီး ကိုယ့်အခန်းဆီ ခပ်သွက်သွက်

ပြန်လာရာ နောက်သို့ သူက တစ်စက်ကလေးမှ အငြိမ်မနေဘဲ လှုပ်ရှားစွာ လိုက်ပါလာသည် ။ လမ်းတလျှောက်တွေ့သော မိန်းကလေး ချောချော လှလှမြင်ရင်လည်း ပြုံးပြရ၊ သမင်လည်ပြည်ကြည့်ရနှင့် ဣန္ဒြေကိုမရ။ ဒါရိုက်တာဆိုပြီး ဟိတ်ဟန် တစ်ခွဲသားနှင့် မနေတတ်ဘဲ ပီတိလူငယ်က လေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးစွာ နေချင်သလို နေနေသော သူ့ ကို သူမကလည်း အထင်ကို မကြီးနိုင်တော့တာပါ။ သူ့ဘာသာသူ အမေ ရိကန်က ဘွဲ့မကလို့ ဘယ်ကနေပဲ ဘွဲ့ယူလာလာ မြန်မာပြည်မှာ သူမ လောက် အတွေ့အကြုံမရှိ၊ အောင်မြင်မှုမရှိ၊ သူမကသာ ဦးဆောင်ပြီး ကိုယ်လုပ်ချင်တာပဲ လုပ်သွားဖို့ စိတ်ကူးထားလိုက်သည် ။

'မသုရေ၊ အားလုံး ရိုက်ကွင်းသွားနှင့်ကြပြီ၊ မသုကို စောင့်နေတာ'

သူမအခန်းရောက်တော့ ခရမ်းပြာက လှမ်းပြောရင်း မျက်လုံးတွေသူ့ ဆီရောက်သွားကာ ဟိုက လှမ်းပြုံးပြသည် ထင်ပါရဲ့ ၊ ခရမ်းပြာ၏ မျက် နှာက ပြုံးခနဲဖြစ်သွားသည် ။

'အေး သွားကြစို့ခရမ်းရေ၊ ဒါ Boss ရဲ့ တူတဲ့ ၊ တို့ နဲ့ တွဲဖက်ဒါရိုက် တာဆိုပါတော့၊ Boss က ခန့် လိုက်တာ'

ဟု ဖြစ်သလိုမိတ်ဆက်ပေးရင်း အခန်းထဲကနေ ထွက်လာသည် ။

'ကိုယ် လင်းစစ်အိမ်ပါ'

'ဟုတ်ကဲ့ရှင့်၊ ကျွန်မ ခရမ်းပြာပါ၊ မသုရဲ့ assistant ပါ၊ တွေ့ရတာ ဝ မ်းသာပါတယ်ရှင်'

အရေးထဲ ခရမ်းပြာတို့ က ယဉ်ကျေးဖော်ရွေနေပြန်ပြီ။

'ဒီနားမှာ ကော်ဖီဝယ်လို့ မရဘူးလား ခရမ်းပြာ၊ ကိုယ် ကော်ဖီသော က်ချင်တယ်'

သူက ခရမ်းပြာကို လှမ်းမေးနေခြင်းဖြစ်သော်လည်း သူမက အကုန်ကြားနေရသည် ။

'ရှိပါတယ် ကိုလင်းစစ်အိမ်၊ ကိုလင်းစစ်အိမ် ဘာသောက်ချင်လဲ၊ ကျွန်မ ၀ယ်ပေးပါ့မယ်'

'ကိုယ် Americano ခပ်ပြင်းပြင်းလေး သောက်ချင်တာ'

'ဒီမှာ ...ကော်ဖီသောက်ဖို့ ၊ ၀ယ်ဖို့ အချိန်မရှိတော့ဘူး ခရမ်းပြာ၊ တို့ဓာတ်ဘူးထဲက ကော်ဖီပဲ ပေးလိုက်တော့၊ ရိုက်ကွင်းမှာ လူစုံနေပြီ၊ မင်းသားမင်းသမီးတောင် ရောက်နေပြီ၊ ဒါရိုက်တာ မရောက်သေးလို့ ဖြစ်မလား'

သူမက ခရမ်းပြာကို ပြောသလိုလိုနှင့် ခပ်ဆတ်ဆတ် ပြောလိုက်သည် ။

'အဲဒီလောက်ကြီးတောင်ပဲလားကွာ၊ ဟား .. ကော်ဖီကလည်း နွားမဒမ်းသေးရည် ကျနေတာပဲ၊ ကျဲတောက်တောက်နဲ့ ၊ ဘာအရသာမှလည်း မရှိဘူး၊ မင်း ကော်ဖီရဲ့ အရသာကိုရော ခံစားတတ်ရဲ့ လား သူသေပြီ...အဲလေ သုတေသီ'

ခရမ်းပြာလှမ်းပေးလိုက်သော သူမ၏ ခရီးသွားကော်ဖီခွက်ထဲက ကော်ဖီကိုသောက်ပြီး သူက ပျစ်ပျစ်နှစ်နှစ် ၀ေဖန်နေခြင်းဖြစ်သည် ။ သူမ၏ ဒေါသဒီဂရီတွေ တရိပ်ရိပ်မြင့်တက်သထက် မြင့်တက် လာလို့ မဆုံးတော့။

'ကျွန်မအတွက် ကော်ဖီက အရေးမကြီးဘူး၊ အလုပ်က အရေးကြီးတယ်၊ အလုပ်က ပထမပဲ၊ ရှင့်ကို ကျွန်မ သတိပေးထားမယ်နော်၊ နောက်တစ်ခါ ကျွန်မနာမည်ကို သူသေပြီလို့ တစ်ခွန်းထပ်ခေါ်ကြည့်၊ ကျွန်မအ

ဆိုး လုံးဝမဆိုနဲ့ တော့’

သူမက ကားတံခါးကို ခပ်လှမ်းလှမ်းကတည်းက remote ဖြင့် လှမ်းဖွင့်ထားပြီး ကားပေါ် ဝုန်း ခနဲဝင်ထိုင်လိုက်ကာ ဘေးမှ ဝင်ထိုင်သော သူ့ပေါင်ပေါ် သူမ၏ ဇာတ်ညွှန်းဖိုင်ကလေး ဘုတ်ခနဲ ပစ်ချပေး လိုက်သည် ။

အဲဒါ ကျွန်မရိုက်မယ့် ဇာတ်ညွှန်းပဲ၊ ရှင် ဖတ်ထားလိုက်ပါ၊ ရိုက်ကွင်းရောက်တာနဲ့ တန်းရိုက် မယ်’

ပြောပြီး သူမက ကာကို ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့သည် ။ သူက သူမစကားကို ဂရုတောင်မစိုက်ပါ။ ဇာတ်ညွှန်းဖိုင်ကို နောက်ခန်းရှိ ခရမ်းပြာဆီ ပစ်ပေးလိုက်ပြီး ခုံကိုလှဲချကာ သက်တောင့်သက်သာ မှီလျော့ထိုင်လျက် မျက်လုံးများကိုမှိတ်ကာ လိုက်ပါလာသည် ။ သူမ သူ့ကို အမြင်ကတ် လိုက်တာ မပြောပါနဲ့ တော့။

‘ကြော်ငြာမယ့် ပစ္စည်းကိုပဲ ကိုယ့်ကိုပြောပါ။ ကိုယ့်ရဲ့ Idea အတိုင်းပဲ ရိုက်ပြမယ်၊ မင်း ဇာတ်ညွှန်းကို ကိုယ်ဖတ်ပြီးရိုက်ရင် မင်းရဲ့ နောက်လိုက်ပဲ ဖြစ်သွားမှာ ပေါ့’

သူမသည် ဘရိတ်ကို ဆောင့်မနင်းမိအောင် အတော်လေး ထိန်းချုပ်ထားရသည် ။ ကြီးကျယ်ပုံ ကိုကြည့်။

‘အဲဒီဇာတ်ညွှန်းကို ကျွန်မ သေချာအချိန်ယူပြီး စနစ်တကျကြိုတင်ပြင်ဆင်ထားတာ၊ ဘယ် အလုပ်မဆို ကြိုတင်ပြင်ဆင်မှုရှိမှ တိုးတက်အောင်မြင်တာ၊ ရှင့်ဘာသာရှင် ချက်ချင်းလက်တန်း ထုတ်တဲ့ Idea ကိုလည်း ကျွန်မ လက်ခံနိုင်ဘူး’

‘ဒီမယ်အမိ၊ အနုပညာဆိုတာ ကြိုတင်ပြင်ဆင်မှုထက် ရင်ဘတ်ထဲ

ကနေလာဖို့ က ပိုအရေးကြီးတာ ပါ၊ ကိုယ်က ဖီလင်မလာရင် ဘာမှ မလုပ်ဘဲ ဒီအတိုင်း ထိုင်ချင်ထိုင်နေမှာ ၊ ကဲပါလေ...မင်းလုပ်နေကျ သမားရိုးကျ ပုံစံခွက်ကြီးအတိုင်း မင်းဘာသာရိုက်ကြည့်ပါ၊ ကိုယ်လည်း ကိုယ့် idea အတိုင်းရိုက်မယ်၊ တစ်ယောက်တစ်မျိုးရိုက်ထားပြီး meeting ကျမှ boss ကို ပြကြည့်တာပေ့ါ၊ သူရွေးလိမ့်မယ်၊ အဲဒါ မကောင်းဘူးလား'

'ပြီးရော၊ ကျွန်မတို့ တစ်ယောက်တစ်ဝက် ရိုက်တာပေ့ါ၊ ရိုက်ရမှာက "STAR" Coffee နဲ့ Tea အထုပ်ကလေးတွေ၊ သိပ်တော့လည်း ဘိုမဆန်နဲ့ ပေ့ါ၊ ဒါ State မဟုတ်ဘူး ၊ မြန်မာပြည် ဆိုတာလည်း သတိထားပေ့ါ'

'ဆရာမလုပ်ပါနဲ့ ၊ ကိုယ်လည်း မြန်မာတစ်ယောက်ပါ၊ ဟိုမှာ ကျောင်းတက်ရုံပဲ သွားတက်တာ၊ ကိုယ်ဝါသနာပါတဲ့ ပညာကို သွားသင်ပြီး ကိုယ့်မြန်မာပြည်မှာ ပဲ ကိုပြန် လာပြီး ကိုယ်လုပ်ချင်တဲ့ အလုပ်ကို လာပြန် လုပ်တာ ... ရှင်းတယ်နော်'

သူမက သူ့ကို မျက်စောင်းတစ်ချက်ထိုးမိသည် ။ သူ့ပုံစံကိုက သမ္မာကြီးလိုလို၊ ဆရာကြီးလိုလို အထာကြီးလှတာမို့ သူဘယ်လိုများ ပညာစွမ်းပြမလဲဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်ချင်မိသေး သည် ။

*

သူက သူမကို အရင်ရိုက်ပါ...ဟု ခွင့်ပေးသဖြင့် သူမ ရိုက်ညွှန်းအတိုင်း စရိုက်တာကို သူက ဘေးကနေ မိန်းကလေးတွေ၊ မော်ဒယ်တွေနှင့် တရင်းတနှီး ရယ်ဖွဲ့ဖွဲ့ရင်း စကားလက်ဆုံကျနေရင်း မသိမသာ အကဲခတ်စောင့်ကြည့်သည် ။ သူမက သီချင်းခပ်မြူးမြူးကလေးဖွင့်ထားပြီး မင်းသားနဲ့ မင်းသမီး လှပစွာကသော ရိုက်ကွက်ရယ်၊ ဇာတ်လမ်းပုံစံက

လေးပါသော ရိုက်ကွက်ရယ်၊ နှစ်မျိုး ရိုက်သည် ။ ဇာတ်လမ်းက မိုးရွာထဲမှာ တစ်ယောက်တည်းပြေးလာနေသော မိန်းကလေးဆီ ကောင်လေးနှစ်ယောက်က တစ်ယောက်က ထီးလှလှကလေး ဖွင့်လျက်ကြို၊ ကျန်တစ်ယောက်က မိုးကာလှလှကလေးနှင့် ကြိုလို့ ။ မင်းသမီးသူတို့ ကိုကျော်ဖြတ်သွားပြီး ကော်ဖီဆိုင်ကလေးထဲ ပြေးဝင်သွားပြီးမှ “STAR” ကော်ဖီတစ်ခွက်ဟု အော်လိုက်ဟန်ကလေးကို ရိုက်ပြထားသည် ။ အဲဒါပြီးတော့ နေ့လည်စာစားဖို့ ခဏနားကြကာ ပြန်ရိုက်မည့်အချိန်မှာ သူတစ်လှည့်ရိုက်ရမည် ဖြစ်သည် ။ အံ့သြစရာကောင်းသည် က သူ့ရဲ့ ပေါင်းသင်း ဆက်ဆံရေးဖြစ်သည် ။ တစ်မနက်ခင်း ကလေးတည်းမှာ camera man မှ စပြီး စက်အဖွဲ့သားတွေအလယ် မင်းသားမင်းသမီး မော်ဒယ် တချို့အဆုံး သူ ရင်းနှီးကျွမ်းဝင်နေပြီ။ သူ ရွှတ်နောက်နောက်ပြောလည်း သူမလို စိတ်မဆိုးကြ။ သဘောတောင်ကျနေသေးသည် ။ တကယ်ရိုက်တော့မည်ဆိုတော့ မင်းသမီးကို ဘာတွေသွားပြော ထားသည် မသိ။ မင်းသမီးက သဘောကျစွာ ရယ်မောလို့ ။ သူမတို့ ရိုက်ကွင်းတည်ထားသောနေရာ က hotel ဝင်းတစ်ခုထဲမှာ မို့ သူက ရေကူးကန်ကို အသုံးပြုချင်သည် ဟု ဆိုသည် ။ သူမ နည်းနည်း တော့ ရိပ်မိသား။ သူ့ပုံစံက ညို့ငင်ဖြားယောင်းမည့်သဏ္ဍာန်နှင့်။ မင်းသမီးကို ဘယ်အချိန်ကတည်း က ကြိုပြောထားခဲ့မှန်း မသိ။ ရေကူးဝတ်စုံလှလှကလေးကို မင်းသမီးက အိမ်ပြန်လူလွှတ်ပြီး ယူခိုင်း ထားခဲ့သည် တဲ့ ။ မင်းသမီးကို ရေကူးကန်ထဲမှာ ရေကူးစေပြီးမှ ရေစိုရွှဲသောဆံပင်တွေကို ဖွားခနဲ ရေတွေ လွင့်စင်ချိန်ကို စောင့်၍ ရိုက်ယူသည် ။ ပြီးတော့ ရေကူးကန်ထဲမှ တက်လာသော မင်းသမီးကို မင်းသားက ကော်ဖီခွက်ကြီး နှစ်ခွက်နှင့် စောင့်ကြိုသည့်ဟန်။ ကော်ဖီခွက်က STAR အမှတ် တံဆိပ်နှင့်။ အဲဒါကိုပဲ သူ စိတ်တိုင်းကျတဲ့ အထိ ရိုက်ယူသည် ။ ရိုက်ကွင်းတစ်ခုလုံးလည်း သူ့ဟာသ

တွေနှင့် ရယ်လို့ မောလို့ ။ ဘယ်လိုပြီးဆုံးသွားမှန်းတောင် မသိလိုက်။

သူ့အလုပ်လုပ်ပုံက သူမလို serious ကြီးမဟုတ်ဘဲ ပေ့ါပေ့ါပါးပါးနှင့် သဘောဝ ကျကျကလေး။ မင်းသမီးကို မိတ်ကပ် သိပ်မလိမ်းခိုင်း။

'ကိုယ်က ဟန်လုပ်နေတဲ့ အက်တင်မျိုးကို မလိုချင်ဘူးနော်၊ သဘာဝ အတိုင်းပဲ လိုချင်တာ'

ဟု ဆိုသည် ။ အင်မတန် အလှအပကို ဦးစားပေးသော မင်းသမီးက သူနှင့်ကျမှ အလှမပြင် ရလို့ ဂျီမကျချေ။ ဘာပဲဖြစ်ဖြစ် တစ်နေ့တာရိုက် ကွင်းက အောင်အောင်မြင်မြင်ပဲ ပြီးသွား၍ တော်ပါသေးသည် ။ အားလုံးနှင့် သူကလည်း ရင်းရင်းနှီးနှီးတွေ ဖြစ်သွားခဲ့သည် ။ သူ့ကြည့်ရတာ တစ်စက်ကလေးမှ စိတ်ဖိစီးမှုမရှိ။ လွတ်လပ်ပေ့ါပါးလွန်းစွာ။ အားလုံးပြန်ကြတော့ သူမက သူ့ကို

'ကဲ ရှင့်ကို ဘယ်ပြန်ပို့ပေးရမလဲ'

ဆိုတော့ သူက အပိုးမကျိုးသော ပြုံးစစမျက်နှာပေးဖြင့်…

'မင်းအိမ်ကိုလိုက်ခဲ့မယ်လေ။ ကိုယ့်ကို ညစာကျွေးပါလား'

တဲ့ ။ သူမစိတ်ထဲ ထောင်းခနဲဖြစ်သွားရသည် ။

'ရှင် စကားပြောရင် ဆင်ဆင်ခြင်ခြင်ပြောနော် လင်းစစ်အိမ်၊ ကျွန်မ အိမ်ကိုလိုက်ရအောင် ရှင်နဲ့ ကျွန်မ ဘယ်လောက် ရင်းနှီးကျွမ်းဝင်သေးလို့ လဲ၊ ဒီနေ့မှ တွေ့ကြတာ၊ ပြီးတော့ အမှန်အတိုင်း ဝန်ခံရရင် ရှင့်ကို ကျွန်မ လုံးဝသဘောကျတာ မဟုတ်ဘူး '

'သြော်…သူသေပြီရယ်..အား'

သူ့စကားမဆုံးခင် သူ့ခြေထောက်ကို သူမက တအားဆောင့်ဖိနင်းချ

လိုက်ခြင်း ဖြစ်သည် ။

'အားလားလား၊ မင်း တကယ်ကြမ်းတဲ့ မိန်းကလေးကွာ'

'ရှင့်ကို ကျွန်မ ကြိုပြီး သတိပေးပြီးသား၊ တော်ပြီ… ရှင်ပြန်ချင်တာနဲ့ ပြန်တော့၊ ကျွန်မ လိုက်မပို့နိုင်ဘူး'

သူမက ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့သည် ။ မကြာပါ။ သူမ mobile မြည်လာသည် ။ နားထောင်လိုက်တော့ သူ့အသံ။

'မင်းသဘောကျအောင် ကိုယ်မနေနိုင်တာ ဆောရီးပဲ သူသေပြီရေ၊ မင်း ကိုယ့်ကို စိတ်မပူနဲ့ ၊ ကိုယ့်ကို မင်းသမီးပန်းသခင်က အိမ်ပြန်ပို့ပေးပါတယ်၊ ညစာတောင် လိုက်ကျွေးဦးမှာ တဲ့ ၊ အိုကေနော်၊ မနက်ဖြန်မှ တွေ့မယ် ဘိုင့်ဘိုင်'

ဟု ပြောပြီး ဖုန်းချသွားသည် ။ သူမမှာ သာ…မခံချိမခံသာဖြစ်လျက် ကျန်ရစ်ခဲ့သည် ။ သူ့ကို တော် တော်မုန်းမိသည် ။ ဘယ်လိုလူစားမှန်းကို မသိ။

*